## သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

## ငြိမ်းချမ်းရေးဖေါ်ဆောင်ရေးလမ်းစဉ်နှင့်သဘောထားရပ်တည်ချက်

## ထုတ်ပြန်ကြေညာခြင်း

## ၂၀၁၅ခုနှစ် အောက်တိုဘာလ (၈) ရက်

၁။ သျှမ်းပြည်သည်ရှေးအစဉ်အဆက်ကတည်းက ကိုယ့်ထီးကိုယ့်နန်းဖြင့်စော်ဘွားတို့အုပ်ချုပ်လာခဲ့သောတိုင်းပြည်ဖြစ်သည်။ ၁၈၈၆ ခုနှစ်တွင် ဗြိတိသျှကိုလိုနီလက်အောက်သို့ ဗမာပြည်ကျရောက်နေချိန်တွင် သျှမ်းပြည်သည်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့်သီးခြားတည်ရှိခဲ့ပါသည်၊နိုင်ငံရေးအခြေအနေများပြောင်းလဲမှုများကြောင့် ကချင်၊ချင်း၊သျှမ်းတောင်တန်းသားများနှင့် ဗမာပြည်မြေပြန့်သားတို့သည် လွတ်လပ်ရေးပူးတွဲရယူရန် ၁၉၄၇ ခုနှစ်တွင် ပင်လုံစာချုပ်ချုပ်ဆိုပြီးပြည်ထောင်စုအားဝိုင်းဝန်းတည်ထောင်လာခဲ့ကြသည်။

၂။ ပြည်ထောင်စုကြီးတည်ထောင်လာခဲ့သော်လည်း စစ်တပ်မှနိုင်ငံတော်အာဏာအားသိမ်းပိုက်ကာခေတ်အဆက်ဆက်စစ်အုပ်ချုပ်ရေးစနစ်ဖြင့်အုပ်ချုပ်လာခဲ့သောကြောင့် ပြည်ထောင်စုတွင်း၌ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ် နိုင်ငံရေးတိုက်ပွဲဝင်လာသောအဖွဲ့အစည်းပေါင်းမြောက်များစွာ ပေါ်ထွန်းလာခဲ့သည်မှာ ယနေ့မျက်မှောက်ကာလထိပင်ဖြစ်သည်။

၃။ ၂၀၀၈ခုနှစ်တွင်ပြည်သူလူထုနှင့် နိုင်ငံရေးပါတီများ တော်လှန်ရေးအဖွဲ့အစည်းများ၏ ဆန္ဒပါဝင်မှုမရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်အစိုးရမှပြဋ္ဌာန်းကျင့်သုံးလာခဲ့သည်၊ ၂၀၁၀ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပကာနိုင်ငံတော်သမ္မတဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအဖွဲ့ကိုဖွဲ့စည်းခဲ့ကြပြီး တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းများဖြင့်ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးဟုဆိုကာ အပစ်အခတ်ရပ်စဲရေးပြုလုပ်ကြရန် ၂၀၁၁ခုနှစ်ဩဂုတ်လ (၁၈) ရက်နေ့တွင် အစိုးရမှ တရားဝင်ကမ်းလှမ်းခဲ့သည်။

၄။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/သျှမ်းပြည်တပ်မတော် (RCSS/SSA) သည် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့်အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးကာ ၂၀၁၁ ခုနှစ်ဒီဇင်ဘာလ (၂) ရက်နေ့တွင်အပစ်အခတ်ရပ်စဲရေး သဘောတူညီလက်မှတ်ရေးထိုး လာခဲ့ကြသည်မှာ ၃နှစ်ကျော်ကာလတာရှိခဲ့ပြီးဖြစ်ပါသည်။ သို့သော်တပ်မတော်မှငြိမ်းချမ်းရေးဖေါ်ဆောင်ရေး သဘောတူညီချက်များကိုချိုးဖောက်ကာမိမိတို့တပ်များအား လိုက်လံတိုက်ခိုက် ခဲ့သဖြင့်တိုက်ပွဲ အကြိမ်ပေါင်းမြောက်များစွာ ပြန်လည်ဖြစ်ပွားခဲ့ကြရပေသည်။

၅။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် အစိုးရအကြား အပြန်အလှန်ညှိနှိုင်းဆွေးနွေး၍ပိုင်းဝန်းရေးဆွဲထားသောတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို မိမိတို့ RCSS/SSA မှ ကြိုဆိုထောက်ခံပါသည်။

၆။ နိုင်ငံတော်ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် နိုင်ငံရေးဆွေးနွေးနေစဉ်ကာလအတွင်း မိုင်းပန်၊ မိုးနဲ၊ လင်းခေး၊ မောက်မယ်၊ နမ့်စန်၊ ပင်လုံ၊ လွယ်လင်၊ မိုင်းပြင်း၊ ရပ်စောက်၊ လဲချား၊ မိုင်းကိုင်၊ ကျောက်မဲ၊ မူဆယ်၊ နမ့်ခမ်း၊ မိုင်းကိုး၊ ကျေးသီး၊ ကွန်ဟိန်း၊ ကျိုင်းလုံး၊ ကျိုင်းတောင်း၊ မိုင်းပူးလုံ (မိုင်းပုကြီး)၊ မိုင်းပူးအွန် (မိုင်းပုလေး)၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် မိုင်းတုံ စသည့်ဒေသများတွင် ယခင်ကတည်းက အခြေစိုက်လှုပ်ရှားလျက်ရှိသော RCSS/SSA တပ်ဖွဲ့ဝင်များကိုအစိုးရတပ်မတော်မှ အကြောင်းပြချက်အမျိုးမျိုးဖြင့် လိုက်လံရှာဖွေတိုက်ခိုက်မှုများမပြုပါရန်၊ သဘောထားကွဲလွဲမှုများနှင့် ဖြစ်ပေါ်လာသည့်ပြဿနာများကို ဆက်ဆံရေးရုံးများမှတဆင့် ညှိနှိုင်းအဖြေရှာဖြေရှင်းသွားကြရန် အလေးအနက်တောင်းဆိုအပ်ပါသည်။

၇။ အစိုးရတပ်မတော်နှင့် သျှမ်းပြည်တပ်မတော်အကြားဖြစ်ပေါ်လာသည့် ပြဿနာများကိုအလျှင်မြန်ညှိနှိုင်းဖြေရှင်းနိုင်ရန်မိမိတို့ (RCSS/SSA) ၏ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆက်ဆံရေးရုံးများကို ထပ်မံဖွင့်လှစ်ခွင့်ပြုရန် နိုင်ငံတော်အစိုးရထံတောင်းဆိုပါသည်။

၈။ နိုင်ငံရေးပြဿနာများသည် ဝိုင်းဝန်းညှိနှိုင်းဖြေရှင်းရမည့်ပြဿနာတရပ်ဖြစ်သကဲ့သို့ စည်းလုံးညီညွတ်စွာ အတူအကွပူးတွဲနေထိုင်နိုင်ရေးအတွက် အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်ကြရန်လိုအပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲ ရန်လိုအပ်ပါသည်။ ပင်လုံကတိကဝတ်များ အပေါ်တွင်အခြေခံသောအခွင့်အရေးတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ထောင်နိုင်ရန် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့်ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးရှေးရှုကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အားလက်မှတ်ရေးထိုး၍ နိုင်ငံရေးဆွေးနွေးပွဲများတွင်ဝိုင်းဝန်းပါဝင်ညှိနှိုင်းအဖြေရှာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ